ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-1-2011) (၆၆၃၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် နေပြည်တော် မြို့တော်ခန်းမသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်တို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ဦးဆောင်သော သံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (အပေါ်ပုံ)
(သတင်းစဉ်)

ကြေးမုံ The Mirror
၅-၁-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

မော်ကွန်းသစ်တည် နိုင်ငံသစ်ဆီ လက်တွဲညီညီ

ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဘဝသို့ ရောက်ရှိလာခဲ့သည်မှာ (၆၃)နှစ် ပြည့်မြောက်ခဲ့ပေပြီ။

မြန်မာနိုင်ငံသည် ရှေးဘိုးဘွားတို့ အစဉ်အဆက်ကပင် ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လပ်စွာရပ်တည်လာခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုကင်းသော နယ်ချဲ့တို့က ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်အတွင်း ကျူးကျော်စစ်ခင်းသိမ်းပိုက်မှုကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ ထက်မြက်သော မျိုးချစ်လူငယ်များနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့က နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို အသက်စွန့် တွန်းလှန်တိုက်ပွဲအလီလီ ဆင်နွှဲခဲ့ကြရာ ဆုံးရှုံးသွားသော မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိလာခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာတွင် **"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် ပေးဆပ်ခဲ့ရသော တန်ဖိုးမှာ လွန်စွာကြီးမားလှပါသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဟူသည် ဆုံးရှုံးချိန်ကြမှသာ တန်ဖိုးကိုသိတတ်ကြပြီး သာမန်အချိန်တွင် အမှတ်တမဲ့ဖြစ်တတ်ကြပေသည်။ ပထဝီနိုင်ငံရေးအရ အချက်အချာကျသော မြန်မာနိုင်ငံကို လောဘရမ္မက်ကြီးမားသော၊ ရန်လိုသောနိုင်ငံတချို့သည် လွှမ်းမိုးချုပ်ကိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်မှာ သဘာဝပင်ဖြစ်ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်ကြရန်လိုအပ်ပေသည်"** ဟူ၍ ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံသည် အတိတ်သမိုင်းတစ်လျှောက် ခေတ်ကာလအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရပြီ။ ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင် ကူးပြောင်းပေးခဲ့ပြီ။ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်အဆင့်ဆင့် ခေါ်ယူကျင်းပတော့မည်။ ပြည်သူတင်မြှောက်သည့် အစိုးရအဖွဲ့သစ်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြပေမည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် တပ်မတော်က ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံကောင်းများကို မရပ်မနားဆောင်ရွက်ပေးခဲ့ပြီ။ နှစ်ပေါင်းနှစ်ဆယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုမရှိသည့် ကဏ္ဍ မကျန်စေရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ပြီ။ နိုင်ငံတစ်နံတစ်လျား ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများက ဖော်ညွှန်းလျက်ရှိသည်။ နိုင်ငံအနာဂတ်အတွက် ရှေ့ဆက်ရမည့်လုပ်ငန်းများကို ပြည်သူတို့နှင့်လက်တွဲကြိုးပမ်းကြရုံသာ ရှိတော့သည်။

မျက်မှောက်အချိန်အခါတွင် မြန်မာနိုင်ငံသည် ခေတ်သစ်၊ စနစ်သစ်သို့ ကူးပြောင်းနေပြီ။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး ပေါင်းစည်းလက်တွဲ၍ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထူထောင်တည်ဆောက်နေကြသည့် ကာလဖြစ်သည်။ မော်ကွန်းသစ်တည် နိုင်ငံတော်သစ်ဆီ လက်တွဲညီညီ လျှောက်လှမ်းရင်း ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး တိုင်းရင်းသားအားလုံးက ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိသားစုအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိသားစုအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး အားကစားကွင်း၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မြမြဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်အားကစားအသင်းများအား ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ပြိုင်ပွဲများတွင် အမျိုးသားဖူဆယ်ပြိုင်ပွဲဝင် ၁၂ သင်း၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲဝင် ၁၀ သင်းနှင့် အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲဝင်လေးသင်းတို့အပြင် ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများပါ ပါဝင်ပြီး ဝန်ထမ်းသားသမီးငယ်များအတွက် ပျော်ရွှင်ဖွယ် ကံစမ်းမဲလက်ဆောင်များကိုလည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသားဖူဆယ်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ် (၆၀)ကို ယနေ့ဖြန့်ချိလိုက်သည်။

ဒေါက်တာနေဇင်လတ်၏ အခွင့်အလမ်းကောင်းဖြင့် စနစ်ကောင်းတည်ဆောက်၊ ကျပ်လေးသိန်းခွဲတန် CDMA 400 MHz ဖုန်းတွေလာပြီ၊ မြန်မာအိမ်အကူ သက်သေလိုက်ပေးခဲ့ရသည့် စင်ကာပူနိုင်ငံမှ လူသေမှု၊ ကချင်ပြည်နယ် ဟူးကောင်းတောင်ကြား (ချိုင့်ဝှမ်း)ရှိ ရွှေလုပ်ငန်းများ တွင်ကျယ်နေဆဲဖြစ်၊ နိုင်ငံပိုင်သိမ်းဆည်းထားသည့် မော်တော်ယာဉ် ၈၆ စီး၊ ဆိုင်ကယ် ၁၁၃၄စီး ဈေးပြိုင် အိတ်ပိတ်စနစ်ဖြင့် ရောင်းချမည်၊ ငါးသိန်းတန်ဖုန်းများ၏ ကြိုတင်ငွေဖြည့်ကတ်ကို ဖုန်းအမျိုးအစား ခွဲခြားခြင်းမပြုဘဲ တစ်ပြေးညီသတ်မှတ်ရောင်းချမည်၊ တောင်တရုတ်ပင်လယ်ထဲတွင် မီးလောင်သေဆုံးခဲ့သည့် သင်္ဘောသားသုံးဦးအနက် နှစ်ဦးက လျော်ကြေးငွေလက်ခံခဲ့ပြီး ကျန်တစ်ဦးမှာ လက်ခံမှုမရှိသေး၊ ကျောင်းသင်ခန်းစာများတွင် ယာဉ်စည်းကမ်းအသိပညာများ အခြေခံပညာရပ်အဖြစ် ထည့်သွင်းသင်ကြားမည်၊ အင်္ဂါဂြိုဟ် လင်းလက်တောက်ပဆုံးရောက်ရှိမည် လူသားများ ကောင်းကျိုးဆိုးကျိုးများ တွေ့ကြုံနိုင်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေး) လမ်းပိုင်းဖွင့်လှစ်၊ ၂၀၁၁ ခုနှစ် အစမှာ ဒေါ်လာဈေးက ကျကောင်းနေတုန်းပဲ၊ လူကုန်ကူးခံရသူများမှာ အမျိုးသမီးများသာဖြစ်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းက စီးပွားရေး ဖွံ့ဖြိုးစေမည်ဖြစ်၊ ဝမ်းတွင်းမြို့နယ်၌ ခရီးသည်တင် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား၊ လေယာဉ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မည် အထင်ဖြင့် အမေရိကန် ကက်ပီတယ်လ်ဟေးလ် အဆောက်အအုံများတွင် နေထိုင်သူများ ဘေးလွတ်ရာသို့ ပြေးလွှားခဲ့ကြ၊ လေယာဉ်တင်သင်္ဘောဖျက်ဒုံးပျံ တရုတ်နိုင်ငံ ဖြန့်ကြက်ချထားရန် နီးကပ်လာပြီ၊ ဥရောပတွင် တိုက်ခိုက်ရန် လက်ဘနွန်မှ ပါလက်စတိုင်း အကြမ်းဖက်သမားများအား အယ်လ်ကေဒါစေလွှတ် စသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

ခေတ်ပြိုင် ဗိသုကာလက်ရာဟန်များ စာအုပ်ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၄

စာရေးဆရာ ညွန့်ဝင်းလေး၏ "ခေတ်ပြိုင်ဗိသုကာလက်ရာဟန်များ" စာအုပ်ကို နေမျိုးစာပဒေသာစာပေက ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် နိုင်ငံတကာ ဗိသုကာလက်ရာဟန် တွေ့ရှိချက်များကို စာရေးဆရာညွန့်ဝင်းလေးက သုတရသ လက်ရာမြောက်စွာဖြင့် မြန်မာ့ဗိသုကာ လက်ရာဟန်များနှင့် ပေါင်းစပ်ရေးသားထားသည်။ စာအုပ်တွင် ပါဝင်သော ဆောင်းပါးများမှာ မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဗိသုကာဆောင်းပါးများကို စုစည်း၍ တင်ဆက်ထားရာ ခေတ်ပြိုင် အနုသုခုမ ဗိသုကာလက်ရာဟန်များကို လေ့လာလိုသူများအတွက် အထူးသင့်လျော်သော စာအုပ်ဖြစ်သည်။

ဗိသုကာနှင့် ပတ်သက်၍ ဂန္ထဝင်ဗိသုကာ၊ မက်စီမယ်လစ်ဇင်ဗိသုကာ၊ ဗိသုကာ ပညာဝေဖန်ရေး၊ အိပ်စ်ပရက်ရှင်းနစ်ဗိသုကာ၊ ဗိသုကာကြေး၊ ရှေ့ဆောင်ခေတ်လွန် ဗိသုကာ၊ အဆင့်မြင့်နည်းပညာသစ် အဆောက်အအုံ ဈေးကွက်၊ ဗိသုကာအရင်း အမြစ်နှင့် နယ်ပယ်၊ အနုပညာရှင်၏ ကိုယ်ပိုင်အမြင်၊ ကျည်ကာမှန်ထဲက မိုနာလီဇာ၊ ရက်ပရီဆန်တေရှင်နယ်လ်နှင့် ဖန်တီးမှုစသည်ဖြင့် စုံစုံလင်လင်တင်ပြထားသည်။

ဗိသုကာရသဆောင်းပါးများစုစည်းမှု အမှတ်(၃) စာအုပ်ကို ဖော်ထွန်းစာပေ အမှတ် ၃၇(အေ) သီရိမင်္ဂလာလမ်း (၈)ရပ်ကွက် ကမာရွတ်မြို့နယ် ဖုန်း-၀၉-၅၀၉၀၈၁၆ မှ တစ်ပြည်လုံးသို့ ရောင်းဈေးကျပ် ၂၀၀၀ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း နဝမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွေး-ကြေးမုံ အခြေခံပညာအထက်တန်းကျောင်း၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက်တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးဝင်းကျော်ထွန်း (မုံရွေးစာအုပ်တိုက်) ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၇၀၇၂၊ ဦးဇော်လွင်မောင် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၁၉၆၂၂၊ ဦးဇေယျ(ကြေးမုံရွာ) ဖုန်း-၀၇၁-၆၀၀၇၀၊ ဒေါ်စန်းညွန့်ရီ (ကြေးမုံရွာ) ဖုန်း-၀၇၁-၆၀၁၁၇၊ ဦးဝင်းမြင့် (ဂန္ထဝင်ပျိုးခင်း၊ ကြေးမုံရွာ) ဖုန်း-၀၉-၂၀၃၇၄၅၃ နှင့် ရန်ကြီးအောင် (နေပြည်တော်) ဖုန်း-၀၉-၄၉၂၈၈၆၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျိုက္ကဆံမီမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂ ရက်က လမ်းမတော်မြို့နယ် သရက်တောကျောင်းဝင်း ကျိုက္ကဆံမီကျောင်း၌ ကျင်းပရာ ပညာရေးငွေပဒေသာပင် ငွေကျပ် ၇၈ သိန်း အလှူရှင် ဒေါ်ခင်ကြွယ် (ကုဋေကြွယ်အထည်ဆိုင်) က တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်ကောင်းညာဏ်လင်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။

(၅၄၃)

အထက(၂) သာကေတ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

အထက(၂)သာကေတတွင် ၁၉၆၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ပြီး အငြိမ်းစားယူကာ အသက်(၆၀)ပြည့်ပြီးကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများက ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဦးသန်းထွန်း-ဒေါ်မာတင် ဖုန်း-၅၄၂၆၇၂၊ ဦးဝင်းကြည်(ဖေသောရီ) ဖုန်း-၅၅၄၃၃၂၊ ဒေါက်တာသန်းဝင်းညွန့် ဖုန်း-၀၉-၅၁၅၉၃၆၀၊ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်းညွန့် ဖုန်း-၀၉-၄၉၂၉၇၅၃၁၊ ဒေါက်တာသောင်းဝင်း ဖုန်း-၀၉-၅၁၉၁၆၄၁ နှင့် ဦးဝင်းရွှေ ဖုန်း-၇၃၀ ၁၁၂၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

❐ ရှေ့ဖုံးမှ

အဆိုပါ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဆိပ်ကလေးကျေးရွာ နှစ်လက်မ စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျေးရွာ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာသူ ကျေးရွာသား ၁၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဆိပ်ကလေးကျေးရွာ စက်ရေတွင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ စက်ရေတွင်းသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဆိပ်ကလေးကျေးရွာ စက်ရေတွင်းသစ်သည် နှစ်လက်မပိုက်၊ အနက်ပေ ၂၆၀ ရေစက်ရုံ ရေကန်များ ထည့်သွင်း တည်ဆောက်ထားရှိပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန်၇၀၀ ဖြစ်သည်။ အဆိုပါ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ် ၂၅ သိန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကျေးရွာအတွက် သောက်သုံးရေဖူလုံစွာ ရရှိကြောင်း သိရှိရသည်။

အလားတူ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် မိုင်းလီရပ်ကွက်မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၃၆၀၊ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံတို့ကို စုစုပေါင်းခွင့်ပြုငွေ ကျပ် ၄၅၁၇၃၇၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၄

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၂)တွင် "သမားရိုးကျ ဘဏ်လုပ်ငန်းများမှသည် ခေတ်မီဘဏ်လုပ်ငန်းစနစ်များဆီသို့" အစိုးရသစ်အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ(၁) မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိလာပြီ ဖြစ်သည်။

ယင်းအပြင် ဇန်နဝါရီပထမပတ်အတွင်း အအေးလှိုင်းဖြတ်မည်၊ ငါးသိန်းတန် စီဒီအမ်အေဖုန်းများ ကျပ်သုံးသောင်းသွင်းရုံဖြင့် အင်တာနက် သုံးနိုင်တော့မည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေး တိုးမြှင့်ရန် ရန်ကုန်၊ မန္တလေး၊ ဒါကာနှင့် စစ်တကောင်းမြို့များကို အခြေပြုဆောင်ရွက်သွားမည်၊ ဆေးခတ်ကာ ရွှေထည်ပစ္စည်းများယူပြီး သားမယားပြုကျင့်သည့်အမှု အပါအဝင် စုစုပေါင်းအမှု ၁၄ မှု ကျူးလွန်သူများကို ဖမ်းဆီး၊ ဇန်နဝါရီ ၁ ရက်မှစ၍ Withholding Tax ၃ဒသမ ၅ရာခိုင်နှုန်း ပေးဆောင်ရမည်၊ ရွှေစုဆောင်းသိမ်းဆည်းသူများ ပြန်လည်ထုတ်ရောင်းလာ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးချိတ်ဆက်ရန် နှစ်လမ်းသွားကြိုးတံတား ဆောက်လုပ်သွားမည်၊ ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီး ဖွင့်လှစ်ပြီးနောက် အဝေးပြေးယာဉ်လိုင်းများ အချိန်နှင့် နေရာပြောင်းလဲမှုများပြုလုပ်ရန် ပြင်ဆင်၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ဆောင်းရာသီနှင့် အလှအပရေးရာ" စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကန်အနေဖြင့် နိုင်ငံအချို့ကိုစီးပွားရေးပိတ်ဆို့ထားသော်လည်း တစ်ဖက်မှ စီးပွားရေးလုပ်ပိုင်ခွင့်အတွက် လမ်းဖွင့်ပေးထား၊ ဘာလီကျွန်းတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာပြီး ရွှေ့ပြောင်းနေထိုင်သူများလည်း တိုးမြင့်လာ၊ "စင်ကာပူငါးမျှားသဘော် နစ်မြုပ်မှုတွင် သတို့သမီးလောင်းတစ်ဦးအပါအဝင် လူလေးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့နယ် ဘရင်းကုန်း-ဘိုးကြာညို ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မင်းတုန်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မင်းတုန်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်စေတီအနီး ပတ္တမြားကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ မင်းတုန်းသူ၊ မင်းတုန်းသားများနှင့် အသင်းသူ၊ အသင်းသားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ အသက်(၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဦးအောင်သိန်း ဖုန်း-၀၁-၆၉၉၀၃၂၊ ဦးစိန်သန်း ဖုန်း-၀၁-၃၇၀၅၆၁၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၁-၃၉၄၅၈၁၊ ဒေါ်သီတာဦး ဖုန်း-၀၉-၅၁၄၈၇၇၅နှင့် ဒေါက်တာဝင်းသူရ ဖုန်း-၀၉-၅၁၉၇၉၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပါမောက္ခ ဦးကျော်ညွန့်(ငြိမ်း)၏ စစ်ရေးဆိုင်ရာ နိုင်ငံတကာဥပဒေများစာအုပ် ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၄

စာရေးဆရာ ပါမောက္ခဦးကျော်ညွန့်(ငြိမ်း)၏ စစ်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။**(ယာပုံ)**

ကမ္ဘာပေါ်တွင် သမိုင်းဦးခေတ်မှ စတင်၍ မျက်မှောက်ခေတ်တိုင်အောင် စစ်ပွဲပေါင်းမြောက်မြားစွာကို ကြိမ်ဖန်များစွာ တိုက်ခိုက်နေကြသည်။ စစ်ပွဲဟူသည် မည်သည့် အကြောင်းအခြင်းအရာကိုအခြေခံ၍ ဖြစ်ပွားပေါ်ပေါက်လာသည်ဖြစ်စေ လူသားတို့ ထောင်သောင်းချီ၍ သွေးချောင်းစီးအောင် အသက်စတေးခံကြရစမြဲ ဖြစ်သည်။ ထိုဖြစ်ရပ်မျိုးများ လျော့ပါးကင်းစင်စေရန် နိုင်ငံတကာ ဥပဒေပညာရှင်များက စစ်ဥပဒေများ၊ စည်းကမ်းချက်များ၊ နည်းလမ်းများကို သုတေသနပြု ဖော်ထုတ်ခဲ့ကြသည်။ ထို့နောက် အစိုးရကိုယ်စားလှယ်များက နိုင်ငံတကာ ညီလာခံများ ကျင်းပ၍ နိုင်ငံတကာ စာချုပ်စာတမ်းများကို တိကျစွာ ရေးဆွဲကြသည်။ ထို့နောက်တွင် ဥပဒေပြုခွင့် အာဏာရသော အဖွဲ့အစည်းများက သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ပြည်တွင်းဥပဒေအဖြစ် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ကြသည်။ ထိုသို့ ပြဋ္ဌာန်းခဲ့ကြသော ကြည်း၊ ရေ၊ လေ စစ်ပွဲဆိုင်ရာ ဥပဒေသများ၊ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာ စာချုပ်စာတမ်းများမှ မှတ်သားဖွယ်ရာများအဖြစ် ကောက်နုတ်စုစည်းတင်ပြထားခြင်းဖြစ်သည်။

စစ်ပွဲများကို စစ်မြေပြင် တပ်မှူးကြီးများက မိမိတို့ထင်သလို စည်းမဲ့ကမ်းမဲ့ တိုက်ခိုက်ခွင့် ရှိသလား၊ ကြည်း၊ ရေ၊ လေ စစ်ပွဲများကို ဥပဒေနှင့်အညီ ဘယ်လိုဆင်နွှဲရမလဲ၊ စစ်သုံ့ပန်းများကို ဘယ်လိုဆက်ဆံရမလဲ၊ စစ်ပွဲတွင် အရပ်သားများ၊ သက်ကြီးရွယ်အိုများ၊ မိန်းမနှင့် ကလေးများကို ဘယ်လိုကာကွယ်ပေးရမလဲ၊ လူနေ မြို့ကြီးများကို ဗုံးအမြောက်တို့ဖြင့် တိုက်ခိုက်ခွင့်ရှိသလား၊ ပင်လယ်ဓားပြနှင့် အကြမ်းဖက်သမားများကို ဘယ်လိုကိုင်တွယ်ရမလဲ၊ အဖျက်စွမ်းအားကြီး လက်နက်များ၊ ဓာတုဗေဒ လက်နက်များကို သုံးစွဲ တိုက်ခိုက်ခွင့်ရှိသလား အစရှိသည့် ပြဿနာများကို စုစည်းဖော်ပြထားသည်။ တရားသောစစ်ဖြစ်ရန် ပုံဖော်ထားသည့် နိုင်ငံတကာစစ်ဥပဒေ၏ အနှစ်သာရများကို အချိန်တိုတိုအတွင်း လေ့လာနိုင်မည့် စာအုပ်ဖြစ်သည်။

ကြည်း၊ ရေ၊ လေ တပ်မတော်သားများမှအစ၊ ဥပဒေနှင့် နီးနွှယ်နေသူများအလယ်၊ တရားသောစစ်ပွဲအကြောင်း သိရှိသဘောပေါက်လိုသည့် ပညာ ဗဟုသုတရှာမှီးလိုသူများအဆုံး ဖတ်ရှုမှတ်သားသင့်သော အဆိုပါစာအုပ်ကို Wisdom House စာအုပ်တိုက် အမှတ်(၁၀၁) တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၈၅၃၃၊ ၀၁-၅၄၅၀၃၆နှင့် ၀၉-၄၉၂၈၈၉၄၈ မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ ပါမောက္ခ ဦးမော်သန်းက Statement of Cash Flows ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း(၅၀) ဗိုလ်တထောင်မြို့နယ်၌ ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ကြိုတင် စာရင်းပေးသွင်းကြရန်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ C.P.E အတွက် အကျုံးဝင်မည်ဖြစ်ရာ သိရှိလိုပါက ဖုန်း-၂၉၁၆၆၇ နှင့် ၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ ပေးပို့လျက်ရှိသည်။

ရုရှားနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဒီမီထရီ အေ မက်ဗီဒက်ဗ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် မိမိအနေဖြင့် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးသည် ခေတ်မီဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ကို တည်ဆောက်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်အဖြစ် မိမိအနေဖြင့် မှတ်ယူပါကြောင်း။

ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေခြင်းကို မိမိအနေဖြင့် ကျေနပ်အားရမိပါကြောင်း၊ ရုရှားပြည်သူများနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ၊ အာရှ-ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက်အလို့ငှာ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းခိုင်မာလာစေရန် ရှေ့ဆက်ကြိုးပမ်းနိုင်မည်ဟု မိမိ မျှော်လင့်ပါကြောင်း။

အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် တိုးတက်ကြီးပွားကြစေရန် မိမိအနေဖြင့် ဆန္ဒပြုပါကြောင်း ဖော်ပြပါရှိသည်။

စင်ကာပူသမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စင်ကာပူ သမ္မတနိုင်ငံသမ္မတ မစ္စတာ အက်စ်အာနာသန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သော အထွေထွေရွေးကောက်ပွဲကြီးနှင့်အတူ ထက်ကြပ်မကွာဖြစ်ပေါ်လာသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများသည် မြန်မာနိုင်ငံ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောအခြေခံတရားများ ဖြစ်လာလိမ့်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်၌တည်ဆောက်နိုင်ရေး မိမိတို့၏ ဘုံရည်မှန်းချက်အောင်မြင်ရန်နှင့် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ခိုင်မာလာစေရန် စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အဇာဘိုင်ဂျန်သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အဇာဘိုင်ဂျန် သမ္မတနိုင်ငံ သမ္မတ အီလ်ဟမ်ဟေဒါ အော်ဂလူအေလီယက်ဗ်ထံမှ ပေးပို့သောသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် တိုးတက်ခိုင်မာသော ဆက်ဆံရေးသည် နှစ်နိုင်ငံ ပြည်သူတို့၏ အကျိုးစီးပွားကို ပွင့်လန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် အနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်း သာယာဝပြောပါစေရန် မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဖော်ပြပါ ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာ ဟူကျင်ထောင်းက ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် နှုတ်ခွန်း ဆက်သအပ်ပါကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သမိုင်းအစဉ်အလာအားဖြင့် ချစ်ကြည်ရင်းနှီးမှုရှိသည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံပြည်သူများအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိခဲ့ပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံပြည်သူများအကြား အကျိုးတူပွားစီးမှုများ ဘက်စုံကဏ္ဍစုံ၌ ဖြစ်ပေါ်လာစေရေးအတွက် ဆက်လက်အထောက်အကူပြုမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သမိုင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ရေး၊ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး၊ တရုတ်-မြန်မာနှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းပီသစွာဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးတို့ကို တရုတ်နိုင်ငံအနေဖြင့် ဆန္ဒရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးနှင့် အဆွေတော် ဗိုလ်ချုပ်မှူးကြီးနှင့်တကွ မြန်မာပြည်သူ ပြည်သားများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ရွှင်လန်းရေးအတွက် မိမိအနေဖြင့် ဆန္ဒပြုအပ်ပါကြောင်း ဖော်ပြပါရှိသည်။

အိန္ဒိယသမ္မတနိုင်ငံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်း ပတေးလ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ နှုတ်ခွန်း ဆက်သအပ်ပါကြောင်း။

အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် သမိုင်းစဉ်နှင့်ယဉ်ကျေးမှုအရ ရာစုနှစ်ပေါင်းများစွာကပင် ဆက်နွယ်မြစ်ဖျားခံဖြစ်ထွန်းလာခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်း အဆွေတော် ဗိုလ်ချုပ်မှူးကြီး၏ အိန္ဒိယအလည်အပတ်ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံမှုကို ပိုမိုရင်းနှီးလာစေခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို လာမည့်အနာဂတ်၌ ဆက်လက်တိုးမြှင့်နိုင်ရန် မိမိအနေဖြင့် ဆန္ဒပြုအပ်ပါကြောင်း။

အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ရွှင်လန်း၍ တိုးတက်စည်ပင်ဝပြောစေရန် မိမိအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဖော်ပြပါ ရှိသည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အရှေ့အလယ်ပိုင်းနှင့် ဥရောပတစ်လွှား နေတစ်စိတ်တစ်ပိုင်းကြတ်မှု ဖြစ်ပေါ်

ဂျီနီဗာ ဇန်နဝါရီ ၄ - အရှေ့အလယ်ပိုင်းဒေသမှစ၍ ဥရောပတိုက်တစ်ဝန်း တပြန့်တပြောဖြစ်ပေါ်ခဲ့သော နေတစ်စိတ်တစ်ပိုင်းကြတ်မှုကြောင့် ဆွစ်ဇာလန်နိုင်ငံ၏ ဆောင်းရာသီကောင်းကင်သည် အင်္ဂါနေ့က မှောင်အတိဖုံးလွှမ်းခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းအပြင် နေတစ်စိတ်တစ်ပိုင်းကြတ်မှုကြောင့်ဖြစ်ပေါ်ခဲ့ရသည့် ပန်းရောင်အဆင်းရှိ လှပဆန်းကြယ်သည့် အလင်းရောင်ကို ရိုမေးနီးယားနိုင်ငံသားများ တွေ့ရှိခံစားခဲ့ရပြီး ဆွီဒင်နိုင်ငံ၌လည်း လှပသောနေဝင်ချိန်နှင့် ကြုံကြိုက်ခဲ့ရသည်။

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်၌ နေကြတ်မှုဖြစ်စဉ်ကို အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုနေသူ ဂျော်ဒန်နိုင်ငံသားတစ်ဦးအား ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၊ ဘန်းမြို့နှင့် အခြားမြို့ကြီးများတွင် နေကြတ်မှုဖြစ်စဉ်ကို လူအများ အလုပ်ခွင်သို့ သွားလာလှုပ်ရှားချိန် နေ့ခင်းကြောင်တောင်၌ ကြုံကြိုက်ခဲ့ရခြင်းဖြစ်သည်။

နေအရွယ်အစား၏ သုံးပုံနှစ်ပုံမျှ လရိပ်နောက်၌ ကွယ်ဖျောက်ထားခံရမှုကို ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ၁၉၉၉ခုနှစ်နောက်ပိုင်းမှစ၍ တွေ့ကြုံခဲ့ရသေးခြင်း မရှိသေးပေ။

ဆွစ်ဇာလန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက နေကြတ်မှုကို ကြည့်ရှုလိုသူ ပြည်သူများ၊ အထူးသဖြင့် ကလေးများကို အထူးအမြင်အာရုံကာကွယ်ရေးကိရိယာများ သုံးစွဲကြည့်ရှုကြရန် သတိပေးနှိုးဆော်ခဲ့ရသည်။

နေကြတ်မှုဖြစ်စဉ်ကြောင့် ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တော် ကောင်းကင်ယံ၌ ပန်းရောင်ဖျော့ဖျော့အလင်းရောင် ဖြစ်ပေါ်ခဲ့ရပြီး မြို့သူမြို့သားများအနေဖြင့် နေကြတ်မှုဖြစ်စဉ်ကို မြင်ကွင်းကောင်းကောင်းမှ ကြည့်ရှုနိုင်ရန် အထပ်မြင့်အဆောက်အအုံများပေါ်၌ နှင်းများအကြားမှ စောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

ရိုမေးနီးယားနိုင်ငံသားများအဖို့ နေကြတ်မှုဖြစ်စဉ်ကို ၂၀၁၅ ခုနှစ် မတ်လတိုင်အောင် ထပ်မံကြုံတွေ့နိုင်ဖွယ် မရှိပေ။

နေကြတ်မှုဖြစ်စဉ်သည် အရှေ့အလယ်ပိုင်းဒေသ အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် စတင်ခဲ့ပြီး ဆွီဒင်နိုင်ငံ၌ နေ၏အရွယ်အစား ၈၅ ရာခိုင်နှုန်းမျှ လရိပ်နောက်၌ ကွယ်ပျောက်ခဲ့ရသည့် ဖြစ်စဉ်ကို တွေ့ကြုံခဲ့ရသည်။

နေကြတ်မှုဖြစ်စဉ်သည် နေနှင့် ကမ္ဘာအကြား လဝင်ရောက်လာချိန်၌ လရိပ်ကမ္ဘာမြေပေါ်ကျရောက်ချိန်တွင် စတင်ဖြစ်ပေါ်လေ့ရှိသည်။ **အေပီ။**

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်ရှိ ရော့ခ်ဟမ်တန်မြို့၌ ရေလွှမ်းမိုး

ဆစ်ဒနီ ဇန်နဝါရီ ၄

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် အရှေ့ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ရော့ခ်ဟမ်တန်မြို့၌ အကြီးအကျယ်ရေလွှမ်းမိုးလျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် အင်နာဘလိုက်က ယမန်နေ့တွင် ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် လေဆိပ်၊ လမ်းများနှင့် ရထားလမ်းများကို ပိတ်ထားရပြီး မြို့သူ၊ မြို့သားများမှာ အဆက်အသွယ်ပြတ်တောက်လျက်ရှိသည်။

ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ပြည်သူများထံသို့ စားနပ်ရိက္ခာ၊ သောက်ရေနှင့် ဆေးဝါးများ ပေးပို့နိုင်ရန် ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီလျက်ရှိကြသည်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို လာမည့် ရက်သတ္တပတ်အထိ ဆက်လက်လုပ်ကိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း မြို့တော်ဝန် ရော့ခ်ကာတာက ပြောကြားသည်။

ရော့ခ်ဟမ်တန် မြို့သူ၊ မြို့သားများသည် ရေလွှမ်းမိုးမှုကြောင့် အိုးအိမ်များစွန့်ခွာထွက်ပြေးနေရသည့်အပြင် ရေထဲ၌ ဥဒဟိုလျှောက်သွားနေသော မိကျောင်းများနှင့် မြွေဆိုးများ၏ အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရကြောင်း ဇန်နဝါရီ ၄ ရက် သတင်းများတွင် ဖော်ပြသည်။

အဝေးပြေးလမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်နိုင်ခြင်း မရှိသဖြင့် ဟာကျူလီအမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်များအသုံးပြု၍ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့လျက်ရှိသည်။

ကွင်းစလန်းပြည်နယ်သည် နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုကို တွေ့ကြုံနေရသည်။ ယင်းပြည်နယ်ရှိ မြို့ပေါင်း ၂၂ မြို့၌ ရေလွှမ်းမိုးလျက်ရှိပြီး ရေဘေးဒုက္ခသည် ၂၀၀၀၀၀ ခန့်ရှိသည်။ **အင်တာနက်။**

ရော့ခ်ဟမ်တန်မြို့ရှိ ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေသော မြို့တွင်းလမ်းတစ်နေရာကို ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်။

နျူကလီးယားအဆောက်အအုံများသို့ သွားရောက်လေ့လာခွင့်ပြုရေး အီရန်အတည်ပြု

တီဟီရန် ဇန်နဝါရီ ၄

ဇန်နဝါရီနှောင်းပိုင်းကာလအတွင်း အီရန်၏ အငြင်းပွားဖွယ် နျူကလီယားအစီအစဉ်နှင့် ပတ်သက်၍ အဆင့်မြင့်ဆွေးနွေးပွဲများ မလုပ်ဆောင်မီ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အာရပ်ကမ္ဘာမှ အီရန်၏ မဟာမိတ်များနှင့် အင်အားကြီးနိုင်ငံများကို နျူကလီးယားစက်ရုံများသို့ လာရောက်ကြည့်ရှုခွင့်ပြုကြောင်း အီရန် နိုင်ငံက ယနေ့ အတည်ပြုပြောကြားသည်။

ပလူတိုနီယမ်ထုတ်လုပ်ရေး ရေလေးနျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်လျက်ရှိသော အာရက်ခ်ဒေသ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် နေတန့်ဇ်ဒေသရှိ ယူရေနီယံသန့်စင်မှု စက်ရုံများအပါအဝင် နျူကလီးယားအဆောက်အအုံများကို လေ့လာကြည့်ရှုခွင့်ပေးသွားမည်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အထက်ဖော်ပြပါ နျူကလီးယားစက်ရုံများကို နျူလက်နက်ထုတ်လုပ်ရေးအတွက် အီရန်နိုင်ငံက သုံးစွဲနိုင်ဖွယ်ရှိကြောင်း အနောက်အုပ်စုက ယူဆထားသည်။

အဆိုပါ နျူကလီးယားစက်ရုံများကို ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်များတွင် လာရောက်ကြည့်ရှုနိုင်ရန် အီရန်အဆင့်မြင့် သံတမန်တစ်ဦး၏ အကြံပြုချက်ကို ကိုးကား၍ အေပီသတင်းဌာနက ဖော်ပြသည်။

ဥရောပသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ကို အီရန်နျူကလီးယား အဆောက်အအုံများသို့ လာရောက်ကြည့်ရှုခွင့်ပြုမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် အတည်ပြုပြောကြားသည်။ **အေပီ။**

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅/၇)ရပ်ကွက် ပြဟ္မစိုရ်လမ်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု လမ်းသစ်ဖွင့်ပွဲ အခမ်းအနားများသို့ မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက် ၈ နာရီတွင် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်ပြီးစီးသည့် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၅/၇)ရပ်ကွက်ရှိ ပြဟ္မစိုရ်လမ်းနှင့် အမှတ်(၄/၆)ရပ်ကွက်ရှိ (၄/၆) ပြဟ္မစိုရ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားတို့သို့ တက်ရောက်အားပေးချီးမြှင့်ပြီး တာဝန်ရှိသူများနှင့်အတူ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် အဆိုပါလမ်းများ၌ ကျင်းပသော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄/၂)ရပ်ကွက် ဟသ်ာလမ်းနှင့်အမှတ် (၁၄/၁)ရပ်ကွက် ကြက်မောက်လမ်းများရှိ အားကစားကွင်းများ၌ ကျင်းပသော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲနှင့်အားကစားပြိုင်ပွဲများကို သွားရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသူများနှင့် အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)နှင့် (မြို့တွင်း)တို့က ကြီးမှူး၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်မှု အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ဘောဂသီရိကားဝင်းတွင်ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အဖွဲ့ဝင်များ၊ မထသ (အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေ၊ မထသ (မြို့တွင်း)ဥက္ကဋ္ဌ ဦးဝင်းထိန်နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်အခြေပြု ခရီးသည်တင်ယာဉ်လိုင်းအသီးသီးနှင့် မြို့တွင်းယာဉ်လိုင်းများမှ တာဝန်ခံများ၊ ယာဉ်မှူးနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော် ခရိုင်မီးသတ်ဦးစီးဌာနမှူး(တာဝန်) လက်ထောက်ညွှန်ကြားရေးမှူး ရဲကျော်စွာဝင်းမြင့်က မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်ခင်မောင်ရီနှင့် တပ်ဖွဲ့ဝင်များက မီးလောင်မှုအတန်းအစားအလိုက် ဓာတုဗေဒပေါင်ဒါ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ပြရာ ယာဉ်မှူး၊ ယာဉ်နောက်လိုက်များက မီးသတ်ဆေးဘူးများဖြင့် လက်တွေ့လေ့ကျင့် ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၄

ပြည်မြန်မာ သတင်းဂျာနယ် အမှတ်(၇၅၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ "မြန်မာအိုင်တီပညာရှင်များ ပထမဆုံးတီထွင်လိုက်သည့် တစ်ကမ္ဘာလုံးသို့ ဖုန်းခေါ်ဆိုနိုင်သော VOIP ဖုန်းစနစ် အသုံးပြုနိုင်တော့မည်၊ ရန်ကုန်ကလေးဆေးရုံကြီးမှ ရင်ချင်းဆက်အမြွှာနှစ်တွဲကို ယခုနှစ်အတွင်း ခွဲစိတ်ကုသရန်ရှိ၊ ယခုနှစ်မြန်မာနိုင်ငံတွင် ဆယ်စုနှစ်လေးခုကျော်အတွင်း အအေးဆုံးစံချိန်ရောက်ရှိ၊ ကျောက်ဖြူ ထားဝယ်၊ စစ်တွေနှင့် မုံရွာတို့တွင် အိမ်ခြံမြေဈေးကွက်ကောင်းလာ၊ ဆိုမာလီမှ မြန်မာသင်္ဘောသား ၂၃ ဦး ကျန်းမာစွာရှိနေပြီး သင်္ဘောကုမ္ပဏီနှင့် အဆက်အသွယ်ရရှိ၊ ပြည်တွင်း၌ ပုဂ္ဂလိက ဘီလပ်မြေစက်ရုံသစ် ၂၀ ကို တည်ဆောက်ခွင့်ပြုထား၊ ကျပ်ငါးသိန်းတန် ဖုန်းနှစ်မျိုးစလုံး သုံးနိုင်သည့် ဟန်းဆက်ဈေးကွက် ပေါ်ပေါက်၊ မီးလောင်မှုဖြစ်ပွားပါက ကွန်ပျူတာဖြင့် လမ်းညွှန်ငြိမ်းသတ်သောစနစ် အကောင်အထည်ဖော်မည်၊ မိမိဖုန်းကို သူတစ်ပါးကိုင်တွယ်ပါက သုံးစက္ကန့်အတွင်းသိနိုင်သည့် ပစ္စည်းဝင်ရောက်၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများတွင် ခေတ်မီ e-custom စနစ်ဖြင့် ပြည်တွင်း၌ မကြာမီကျင့်သုံးမည်၊ မြန်မာဖောင့်ပါဝင်သည့် GSM ဟန်းဆက်များ ဈေးကွက်တွင်း စတင်ရောင်းချ၊ ကိုးနှစ်ပြည့် City FM နှစ်ပတ်လည်ပွဲကို ခမ်းနားစွာကျင်းပ၊ ပထမဆုံး အင်တာနက်ပေါ်မှ ဖုန်းဘေလ်ဆောင်နိုင်သောဝန်ဆောင်မှုကို စတင်၊ အမျိုးသမီးတစ်ဦးကို အသေကိုက် သတ်ခဲ့သည့် ၁၁၂ ပေါင်ရှိသော ခွေးကြီးကို ရဲအဖွဲ့က ပစ်သတ်ခဲ့ရ၊ ဟန္နိုင်းမြို့တည်နှစ် ၁၀၀၀ မှသည် အနာဂတ်ဆီသို့၊ တရုတ်က ၂၆ မိုင်ခွဲရှိသည့် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကူးတံတားကြီးဖွင့်လှစ်၊ မျက်မမြင်အမျိုးသမီးက ကမ္ဘာ့စံချိန်သစ်နှစ်ခုတင်၊ ၂၀၁၀ ပြည့်နှစ်၏ ထင်ပေါ်ကျော်ကြားမှုအရှိဆုံး ပုဂ္ဂိုလ် ၁၀၊ ကမ္ဘာ့ပထမဆုံး အားလုံးအသက်ရှင်သည့် ခုနစ်မြွှာပူးများ အသက်(၁၃)နှစ် ပြည့်ပြီ၊ ကမ္ဘာတစ်လွှား၌ နှစ်သစ်ကိုကြိုဆိုကြပုံများ၊ သဲကန္တာရအတွင်း မိုးသည်းထန်စွာရွာသွန်းအောင် ပြုလုပ်နိုင်မည့် နည်းလမ်းကိုတွေ့ရှိ" စသည့် စိတ်ဝင်စားဖွယ် သတင်းများဖြင့် ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဇမ္ဗူသီရိမြို့နယ်ဥက္ကဋ္ဌ ဦးရည်မွန် ဖတ်ကြားစဉ်။
(သတင်းစဉ်)



နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်တွင် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ ဖတ်ကြားစဉ်။
(မြို့နယ်ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်တွင် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။
(မြို့နယ်ပြန်/ဆက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဒလမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဋွေး ဖတ်ကြားစဉ်။
(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မြဝတီခရိုင် မြဝတီမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး သောင်ရင်းခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်ဦး ဖတ်ကြားစဉ်။ (ခရိုင်ပြန်/ဆက်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆိပ်ကြီးခနောင်တို မြို့နယ် မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသားအကြီးတန်း ပထမဆုရ မောင်မင်းမင်းသိန်းအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစောညီညီထွေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(မြို့နယ်ပြန်/ဆက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဌာနတွင်းအားကစားပြိုင်ပွဲ၊ မိသားစုပျော်ပွဲ ရွှင်ပွဲများနှင့် ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ကြည့်ရှုအားပေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် ဇနီးတို့ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဌာနတွင်းအားကစားပြိုင်ပွဲ၊ မိသားစု ပျော်ပွဲရွှင်ပွဲများနှင့် ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် ဇနီးတို့ တက်ရောက်အားပေးကြသည်။

အဆိုပါ အားကစားပြိုင်ပွဲ မိသားစု ပျော်ပွဲရွှင်ပွဲများသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဝန်ထမ်းမိသားစုဝင်များ၏ ရင်သွေးငယ်များ ပြေးပွဲပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲနှင့် အမျိုးသား လွန်ဆွဲပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲ အစီအစဉ်ကို ကျင်းပရာ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ဆုရသူများ၊ အမျိုးသားနှစ်ယောက်တွဲ ဆုရသူများ၊ အမျိုးသမီးတစ်ဦးချင်း ဆုရသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲ ဆုရသူများ အားလည်းကောင်း၊ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း ဆုရသူများ၊ အမျိုးသား နှစ်ယောက်တွဲ ဆုရသူများ၊ အမျိုးသမီးတစ်ဦးချင်း ဆုရသူများနှင့် အမျိုးသမီးနှစ်ယောက်တွဲ ဆုရသူများအား လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရ အသင်းများအား လည်းကောင်း၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရအသင်းများအားလည်းကောင်း၊ အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရအသင်းများအား လည်းကောင်း ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးလှထွန်း၏ ဇနီး ဒေါ်ခင်သန်းဝင်းက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းနှင့် ဒုတိယဆုရ မြန်မာ့စီးပွားရေးဘဏ်အသင်းတို့အားလည်းကောင်း၊ ဝန်ကြီး ဦးလှထွန်းက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ မြန်မာ့စီးပွားရေးဘဏ်အသင်းနှင့် ဒုတိယဆုရ ပြည်တွင်းအခွန်များ ဦးစီးဌာန အသင်းတို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ထမ်းအိမ်ရာ စိုက်ပျိုးရေးထူးချွန်ဆုအား ပေးအပ်ချီးမြှင့်ရာ တိုက်အလိုက်ဆုရသူများအား ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက လည်းကောင်း၊ တစ်ဦးချင်း အကောင်းဆုံးဆုရရှိသူများအား ဝန်ကြီး ဦးလှထွန်းက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးလှထွန်းသည် ဝန်ထမ်းများအား ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ အမှတ်(၉)၊ အမှတ်(၁၀)နှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းတို့၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများအဖြစ် စက်ဘီးစီးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဦးစီး၍ ကျင်းပကြသည်။

အလားတူ အမှတ်(၅)၊ အမှတ်(၆)နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းများ၊ ရပ်ကွက်အသီးသီးရှိ ဝန်ထမ်းအိမ်ရာများ၌လည်း ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။

ထို့အတူ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံ ပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့်အားကစား ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းမှ စတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ လမ်းသူလမ်းသားများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။ ရပ်ကွက်အချို့၌ ညပိုင်းတွင် အငြိမ့်ပွဲများ ထည့်သွင်းကျင်းပသည်ကိုလည်း တွေ့ရသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲကို နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြေရာဝင်း အားကစားကွင်း၌ ကျင်းပရာ ဌာန(၂၁)ဌာနတို့မှ ဝန်ထမ်းများနှင့် မိသားစုများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ရုံးပိတ် အားလပ်ရက် ဖြစ်သဖြင့် ကန်တော်ကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ ရေချိုငါးပြတိုက်နှင့် ကန်တော်မင်္ဂလာပန်းခြံတို့၌ မိသားစုအလိုက် လာရောက်လေ့လာ အနားယူ အပန်းဖြေကြရာ စည်ကားများပြားလျက်ရှိသည်။

အလားတူ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဌာနအလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်နှင့် ကျေးရွာအလိုက် ပျော်ပွဲရွှင်ပွဲများ၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများအပြင် ရိုးရာအားကစားနည်း ပြိုင်ပွဲများကိုပါ ကျင်းပဆင်နွှဲကြရာ လွတ်လပ်ရေးနေ့တွင် နိုင်ငံတစ်ဝန်းလုံး၌ ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ၏ လက်ခုပ်သြဘာသံများ ခြိမ့်ညံလျက်ရှိသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြစဉ်။*(အပေါ်ယာပုံ)*
(ယာပုံနှင့် အောက်ပုံ)
(သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မရမ်းကုန်းမြို့နယ် မီးသတ် ဦးစီးဌာန ရုံးချုပ် အားကစားကွင်း၌ ကျင်းပစဉ်။ (မီးသတ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပရာ နိုင်ငံတစ်ဝန်းလုံး၌ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ၏ လက်ခုပ်သြဘာသံ ခြိမ့်ညံလျက်ရှိ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်

နေပြည်တော်တစ်ခွင် မီးရောင်စုံအလှများပြာဝေ

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ လျှိုပိတ်ဆည်နှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများ၊ လျှပ်ပြေးမီးရောင်စုံများကို လှပခံ့ညားစွာ ထွန်းညှိထားကြစဉ်။(အပေါ်ပုံ)(ဝဲပုံ)နှင့် (အောက်ပုံ)

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အဖွင့်သီချင်း
၄း၂၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၆။ ရွှေဟောင်းသုတ
၄း၃၀ ၇။ မျိုးချစ်တပ်မတော်
၄း၃၅ ၈။ လျှပ်တစ်ပြက်
၄း၄၀ ၉။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၄၅ ၁၀။ မြန်မာ့ရှုခင်း
၅း၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၂၇)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၅။ **Mail Box**
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၃၅)
၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၂၀)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -ဖြစ်ချင်ဦးဟဲ့ဒါရိုက်တာ (အရိုင်း၊ ကင်းကောင်၊ ငှက်ပျောကြော်၊ ဖိုးဖြူ၊ ပြာလောင်၊ မင်းညီ၊ မိုးယုစံ၊ ရွှေပန်းချီ) (ဒါရိုက်တာ-ရဲဝန်းနီ)
၂၃။ **Internet Website** ကဏ္ဍ/အိုင်စီတီသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၂၂)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ...
ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြု နိုင်ငံတော်သီချင်း...

☆ ကျောဖုံးမှ

အလေးပြုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

နေရာယူ

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးနှင့် ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရုံးအဖွဲ့မှူးများ၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလ... တက်ရောက်လာကြသူများအား တွေ့ရစဉ်။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်ရှိ တိုင်းရင်းသားကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် အခမ်းအနားကျင်းပရာသို့ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့အား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအားတွေ့ရစဉ်။(သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သက်တန်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား သက်တန်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ပွဲစဉ်ပေါင်း ၈၄ ပွဲ ကျင်းပခဲ့ပြီး ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်နှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲတွင် အမျိုးသား အကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုကို ယူနိုက်တက်(က)အသင်းမှ အံ့ခေါင်ထွဋ်နှင့် မစပယ်သင်းတို့က လည်းကောင်း၊ အသင်းလိုက် တတိယဆုကို ILBC ကလပ်အသင်း၊ အသင်းလိုက် ဒုတိယဆုကို Heard Body ကလပ်အသင်းနှင့် အသင်းလိုက် ပထမ တံခွန်စိုက်ဆုကို United ကလပ်အသင်းတို့က လည်းကောင်း ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နန်းထိုက်ရတနာ မူလတန်းကြိုကျောင်း နေပြည်တော်၏ ကာယစွမ်းရည်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နန်းထိုက်ရတနာ မူလတန်းကြိုကျောင်း နေပြည်တော်၏ ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် အဆိုပါ ကျောင်း၌ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိသော ရင်သွေးငယ်လေးများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...လံတင်အခမ်းအနား ကျင်းပ နိုင်ငံတော်သီချင်းကို တီးမှုတ်

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

...က်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ (သတင်းစဉ်)

...နေရာယူ

...ကျင်းပ ...မြောက် ... ဗဟို ...င်တော် ...ဖြိုးရေး

ကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူ လူထုကြီးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော် သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်း တို့အား အလေးပြု၍ သစ္စာလေးချက် ကို ရွတ်ဆိုသည်။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူ များအားတွေ့ရစဉ်။(သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုမြန်မာ နိုင်ငံတော် - နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ် ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) သီဟသူရ ဦးတင်အောင် မြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဂုဏ်ပြု တပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနား ကျင်းပရာနေရာမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ရင်ပြင်မှ ပြန်လည် ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ် သည့် ယမန်နေ့ညနှင့် ယနေ့ညတို့ တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး များ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်း အဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေး၊ ပျဉ်းမနား- တောင်ညိုလမ်းပေါ်ရှိ လျှပ်စစ်မီး ဆည်နှင့် လူနေအဆောက်အအုံ များ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံ မီးအလှများ၊ လျှပ်ပြေးမီးရောင်စုံ များကို လှပခံ့ညားစွာ ထွန်းညှိ၍ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြ သည်ကို တွေ့ရသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်း အနားသို့ တက်ရောက်လာကြသူ များအားတွေ့ရစဉ်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ခန္ဒာငါးပါး"တရားတော် [(ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၃)**
၈း၃၅	Fashion Music Festival (Part -23)
၉း၀၀	Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ လက်မှတ်ထိုးမင်္ဂလာ အခမ်းအနား)
၉း၅၀	ထာဝရမြင့်မားနေမည့် မြတ်ဆရာများ၏ဂုဏ်ရည်
၁၀း၁၅	အားကစားမြင်ကွင်းစုံ
၁၀း၅၀	ဆန်းသစ်သောရှင်သန်မှုများနှင့် ရပ်တည်နေသော SCGပါ. .
၁၁း၁၀	သင်ယူလေ့လာဂီတပညာ (Part-4) (Triads-basic Chords)
၁၁း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀	Industrial Talk (ဦးမြင့်နိုင်၊ ဒေါက်တာ တင်အောင်ရွှေ) (သုတေသီ)
၁၂း၃၅	ပုဂံမင်းတည်ဓမ္မရောင်ခြည် အိမ်တော်ရာမြတ်စေတီ (ခန့်စည်သူ၊ ဝါးခယ်မရဲမောင်၊ ချစ်စနိုးဦး၊ ပွင့်)
၁း၀၀	"ခန္ဒာငါးပါး"တရားတော် [(ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (ရှက်တတ်တာကောင်းတယ် မရှက်တတ်တာကောင်းတယ်)
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၆)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၃)**
၄း၃၅	အစွမ်းထက်မြက်. . မြန်မာ့ဆေးစွမ်းတစ်လက်
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် (အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက် ကြီး၏နှစ် (၄၀)ပြည့် အထိမ်းအမှတ်ပွဲ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၇)**
၇း၁၀	Fashion Music Festival (Part-24)
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Sunsilk Shampoo ခေါင်းလျှော်ရည် မိတ်ဆက်ပွဲ)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Celebrity Style (ပပဝင်းခင်)
၈း၅၅	သင်ကြားရေးလမ်းညွှန် (မဏိစန္ဒာအပ်ချုပ်သင်တန်း)
၉း၁၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (7 Colour Fancy Shop)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၄)**
၁၀း၀၅	Cartoon Show Time (BATTLE FOR TERRA)
၁၀း၄၅	ခရီးသွားတို့အတွက် April Star ခရီးသွားမဂ္ဂဇင်း
၁၁း၀၅	ရန်ကုန်မြင်ကွင်းကျယ် (Choi Family Concert)
၁၁း၂၀	World of Knowledge (Inside;Sumo Kids)
၁၂း၁၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကုက္ကိုင်းရိပ်သာလမ်းက မှန်အိမ်ကလေး)
၁၂း၃၀	နက္ခတ်ဗေဒပညာရပ်ဆိုင်ရာ သိကောင်းစရာဆွေးနွေးခန်း
၁း၀၀	ဂီတနက်သန် ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၃)
၁း၁၅	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၁း၄၅	ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၂း၁၅	တစ်ပြည်ဝင်အိုး (အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ- ဝင်းမောင်ရွှေ (Art)]
၂း၂၅	ဒေါနတောင်တန်းကြီးနဲ့ သာယာလှပနေသော ကော့ကရိတ်မြို့
၂း၄၅	Shooting Location (ခင်ယုမေအိမ်)
၃း၀၅	ကဏ္ဍစုံလင်အားကစား အစီအစဉ်
၄း၀၅	Say It In English
၄း၁၅	ဘဝများ (ဆုပန်ထွာ)
၄း၄၀	ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက(၂) မြောက်ဥက္ကလာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

အထက(၂) မြောက်ဥက္ကလာပမြို့နယ်၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ၁၉၆၇မှ ၂၀၀၈ ခုနှစ်ထိ ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဦးစောရန်နိုင် ဖုန်း-၇၃၀၂၅၅၉၁၊ ဦးသိန်းထွန်း ဖုန်း-၇၃၀၁၈၁၅၆၊ ဦးမောင်မောင်ကြီး ဖုန်း-၇၃၀၆၃၃၉၁၊ ဦးခင်ထွေး ဖုန်း- ၆၉၉၃၉၈ နှင့် ဦးသန်းညွန့် ဖုန်း- ၆၉၁၂၁၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၆)ရပ်ကွက် အနောက်ပေ ၅၀ လမ်းတွင် ဒီဇင်ဘာ ၂၄ရက်က စာပေဟောပြောပွဲကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသား စောချစ်)က ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး အကြောင်းကို လည်းကောင်း၊ စာရေး ဆရာ ဦးချစ်စံဝင်းက လူ့တန်ဖိုး အကြောင်းကို လည်းကောင်း၊ စာရေး ဆရာ အဏ္ဏဝါစိုးမိုးက အိမ်ရှေ့မင်းသား သူငယ်ချင်းနှင့် စာရေးဆရာ တက္ကသိုလ် စိန်တင်က အမျိုးသားတေးဂီတနှင့် အမျိုးသားသီချင်းအကြောင်းတို့ကို ဟောပြောကြသည်။ ဟောပြောပွဲအပြီး တွင် လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့အတွက် အလှူငွေပေးအပ်ရာ လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး မြကံ့ကော်နှင့် အတွင်း ရေးမှူး ဦးလင်းဇော်ခိုင်တို့က လက်ခံ ရယူကြကြောင်း သိရသည်။

(၁၁၀)

အိုင်လျှားမြောက် ရေလှောင်တမံဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အိုင်လျှားမြောက်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အိုင်လျှားမြောက်ကျေးရွာ၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ကျောက်ပန်းတောင်း တပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာ၌ ကျောက်ပန်းတောင်း မြို့နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုအခန်းကဏ္ဍမှ လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရက အနာဂတ်နိုင်ငံတော်သစ်အတွက် လိုအပ်မည့် အခြေခံအဆောက်အအုံများကို အလေးထား ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း၌လည်း အခြေခံလိုအပ်ချက်များဖြစ်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံစွာရရှိစေရေး၊ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အဆင့်အတန်းမြင့်မားရေး စသည်တို့ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဆည်နှင့် ရေလှောင်တမံ ငါးခုမှ စိုက်ပျိုးရေဖူလုံစွာ ရရှိလျက်ရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာ ရှိသည့်အနက် ပုပ္ပားတောင်မကြီး စိမ့်စမ်းရေအသုံးပြုသည့်ကျေးရွာ ၂၇ ရွာမှအပ ကျန်ကျေးရွာ ၃၁၂ရွာတွင် စက်ရေတွင်း (တွင်းနက်)၊ (တွင်းတိမ်)များ တူးဖော်ပေးထားပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ပြန်လည်ပြုပြင်ပြီးစီးခဲ့သည့် အိုင်လျှားမြောက်ရေလှောင်တမံသည် ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ရေအလုံအလောက် အသုံးချနိုင်မည်ဖြစ်သည့်အတွက် စိုက်ဧကတိုးတက်ပြီး စီးပွားရေးအရ ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် အိုင်လျှားမြောက်ရေလှောင်တမံကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် သက်ဆိုင်ရာကျေးရွာများမှ ဒေသခံပြည်သူများက ဆတက်ထမ်းပိုး တညီတညွတ်တည်း အားထုတ်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အိုင်လျှားမြောက်ရေလှောင်တမံ၏ နောက်ခံသမိုင်းကြောင်းနှင့် ပြုပြင်တည်ဆောက်ပေးရခြင်းအကြောင်းအရင်းများ၊ ပိုမိုတောင့်တင်းခိုင်မာစေရန်အတွက် စက်ယန္တရားအင်အားဖြင့် ဆောင်ရွက်ခဲ့ရသည့် အခြေအနေများကို ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က အိုင်လျှားမြောက်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အိုင်လျှားမြောက်ရေလှောင်တမံ၏ ရေပေးဝေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုပြုပြင်ပြီးစီးခဲ့သည့် အိုင်လျှားမြောက်ရေလှောင်တမံသည် တမံအလျား ပေ ၇၅၀၊ တမံအမြင့် ပေ ၄၀ ရှိသော မြေသားတမံအမျိုးအစားဖြစ်ပြီး ရေဂါလန် ၁၁၂ သိန်းခန့် သိုလှောင်ထားနိုင်မည်ဖြစ်သဖြင့် ဝန်မင်းကန်၊ အိုင်လျှားမြောက်၊ အိုင်လျှားတောင်၊ စမ်းမြိုင်အေး၊ လွန်ပင်ကုန်း၊ လက်ပံကျင်းစသည့် ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူများအတွက် သောက်သုံးရေဖူလုံစွာပံ့ပိုးပေးနိုင်မည်ဖြစ်သည့်အပြင် စိုက်ပျိုးရေအတွက်ပါ ထုတ်နုတ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း အိုင်လျှားမြောက်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လသာ အထက(၂) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း မြညီလာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမဒေါ်သန်းနွယ်ဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးကဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ဆုရရှိကြသူများအား ဆရာမများနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသူလေးများက အပျိုတော်ယိမ်း၊ မင်္ဂလာဆုတောင်းယိမ်း၊ ယပ်တောင်ယိမ်း၊ ပုဂံအလှ၊ ပုဂံအကနှင့် တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

maruart လာမီနိတ်ကြမ်းခင်းများနှင့် နံရံကပ် ရေစိုခံ Wallpaper များ ဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၄

သင်၏ အိမ်ခန်း၊ ရုံးခန်း၊ စတိုးဆိုင်၊ မီနီမတ်၊ ဟိုတယ်နှင့် စာသင်ခန်းများ သေသပ်လှပ ခေတ်မီခံ့ညားစေရန်အပြင် စိတ်ချမ်းသာမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှု အပြည့်အဝရရှိစေရန် မာရူးအတ် (maruart) ရောင်စုံလာမီနိတ် ကြမ်းခင်းများနှင့် နံရံကပ်ရေစိုခံ Wallpaper များက ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

မာရူးအတ်(maruart)သည် အပူဒဏ်ခံနိုင်ခြင်း၊ ခြစ်ရာစင်းရာများ မထင်ကျန်ရစ်ခြင်း၊ ကော်ပတ်စားပြီး ပေါလစ်ဖြင့် အရောင်တင်စရာမလိုခြင်း၊ ချိတ်ကလေးများပါရှိ၍ အလွယ်တကူ တပ်ဆင်ဖြုတ်ယူနိုင်ခြင်း (မိမိနှစ်သက်သလို ပြောင်းလဲခင်းနိုင်ရုံမက ဖြုတ်ယူသွားနိုင်ခြင်း) စသည့် ထူးခြားချက်များရှိပြီး Bioceremic အပေါ်လွှာဖုံးအုပ်ထား၍ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးစေသည့် အနီရောင်အောက်ရောင်ခြည် ထုတ်လွှတ်မှု တိုးမြှင့်ပေးသည့်အပြင် ခြေထောက်နာကျင်စေခြင်း၊ ခြေထောက်အေးခြင်း မဖြစ်စေသဖြင့် ကလေးလူကြီးမရွေး ကျန်းမာရေးအတွက် အထူးသင့်လျော်ကြောင်း သိရသည်။

၂၁ ရာစု၏ ခေတ်မီကိုရီးယား လာမီနိတ် ရောင်စုံကြမ်းခင်းများမှာ ရွေးချယ်စရာ အရောင်၊ ဒီဇိုင်းမျိုးစုံရနိုင်ပြီး သုံးနှစ်အာမခံပေးသည့် အပြင် ဖုန်းဆက်ရုံဖြင့် အိမ်တိုင်ရာရောက် ခင်းပေးကြောင်း၊ စကာတင်၊ အစိုဓာတ်ထိန်းပေးသော အောက်ခံဖော့ပြား၊ အခန်းခြေကျော်များကို အခမဲ့တပ်ဆင်ပေးပြီး ၁၀ ကျင်းကို တစ်ရက်တည်းဖြင့် အပြီးအစီး ခင်းပေးကြောင်း သိရသည်။

ထို့အပြင် နှစ်ပေါင်းများစွာ အရောင်မမှိန်ခြင်း၊ အခန်းအတွင်း ကြည်လင်သန့်ရှင်းရုံမက ခေတ်မီစတိုင်ဖြင့် လန်းဆန်းတက်ကြွစေခြင်း၊ စိတ်ကြည်နူးမှုခံစားရစေခြင်းစသည့် ကောင်းကျိုးအဖုံဖုံ ပြည့်စုံစေသည့် (၂၁)ရာစု၏ ခေတ်မီ အိမ်သုတ်ဆေးအစားထိုး ကိုရီးယား နံရံကပ် ရေစိုခံ Shin Han Vinyl Silk Wallpaper များဖြင့်လည်း အိမ်တိုင်ရာရောက် လိုက်လံအလှဆင်ပေးနေကြောင်း သိရသည်။

ဝယ်ယူအသုံးပြုလိုသူများသည် GSI Co., Ltd. အမှတ်(၂) အောင်သုခလမ်း (၉)မိုင် (Ocean စူပါမားကက်အနီး) မရမ်းကုန်းမြို့နယ် ဖုန်း+ဖက်စ်-၀၁-၇၀၁၄၇၈၊ ၀၉-၅၀၀၉၅၂၃ နှင့် ၀၉-၅၁၉၀၈၁၉၊ e-mail:ninimyint2008@gmail.comနှင့်WSYကုမ္ပဏီလီမိတက် အမှတ်(၂၉) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၅၈၉ နှင့် ၀၉-၅၀၁၃၁၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာ အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့ရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် ဖုန်း-၂၅၂၇၇၇၊ ၀၉-၅၁၉၇၇၇၇၊ ဦးအေးကို၊ ဦးချိုအေး (ACA) ဖုန်း-၆၉၁၁၂၃၊ ဦးစိုးသန်း ဖုန်း-၅၅၈၆၉၈၊ ၅၅၉၀၇၄၊ ကိုဆုတင် ဖုန်း-၀၉-၅၀၀၉၉၀၁၊ ဦးချစ်အောင် ဖုန်း-၇၃၀၂၂၀၆၂၊ ဒေါ်လှသိန်း ဖုန်း-၆၉၁၁၈၂၊ ၇၃၀၁၀၅၅၈ နှင့် ဒေါ်ဆောင်းသီတာ (သက်လုံအထူးကုဆေးခန်း) ဖုန်း-၆၉၀၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကမာပါကျေးရွာ သုတဘဏ်စာကြည့်တိုက် ဖွင့်လှစ်

ကွမ်းခြံကုန်း ဇန်နဝါရီ ၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ သုတဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်အေး၊ ကျေးရွာဥက္ကဋ္ဌ ဦးဇင်သန့်နှင့် မြေအလှူရှင် မန်းထွန်းလှပွားတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ်ပြန်/ဆက်)



မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၁(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၂၀ ၈။ "ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ"
- ၈:၃၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အထူးပြုအားလုံး) (မြန်မာ့ရေးရာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၂၀ ၈။ "ဆီးချိုသွေးချိုကာကွယ်ပါ"
- ၅:၄၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၅၀ ၁၀။ International Science News
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၃၅ ၁၄။ ရွှေရင်ခုန်သံ
- ၇:၀၀ ၁၅။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၇:၃၀ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ" (အပိုင်း-၇)
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၂၄)**
- ၂၂။ မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ခွန်အား" (မင်းမော်ကွန်း၊ခိုင်းသင်းကြည်) (ဒါရိုက်တာ-အောင်ဗပါဝါ)
- ၂၃။ အစီအစဉ်ပြီး၏။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်း လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်းခကောက်ခံမည့် နှုန်းထားများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ကို ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်တွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာနိုင်ကြပြီဖြစ်သည်။

အဆိုပါ အမြန်လမ်းမကြီးအသုံးပြု၍ သွားလာကြမည့် မော်တော်ယာဉ်များအတွက် ယာဉ်ဖြတ်သန်းခများကို ဇန်နဝါရီ ၆ ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်ရာ ယာဉ်ဖြတ်သန်းခကောက်ခံမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

အမှတ်(၃)လမ်းဆုံဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
အမှတ်(၃)လမ်းဆုံမှ ဖြူး	၁၅၀ဝိ	၃၀၀ဝိ	၄၅၀ဝိ	၇၅၀ဝိ
အမှတ်(၃)လမ်းဆုံမှ နေပြည်တော်	၂၅၀ဝိ	၅၀၀ဝိ	၇၅၀ဝိ	၁၂၅၀ဝိ
အမှတ်(၃)လမ်းဆုံမှ မိတ္ထီလာ(သီးကုန်း)	၃၅၀ဝိ	၇၀၀ဝိ	၁၀၅၀ဝိ	၁၇၅၀ဝိ
အမှတ်(၃)လမ်းဆုံမှ စကားအင်း(မန္တလေး)	၄၅၀ဝိ	၉၀၀ဝိ	၁၃၅၀ဝိ	၂၂၅၀ဝိ

ဖြူးဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
ဖြူးမှ နေပြည်တော်	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
ဖြူးမှ မိတ္ထီလာ(သီးကုန်း)	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
ဖြူးမှ စကားအင်း(မန္တလေး)	၃၀၀ဝိ	၆၀၀ဝိ	၉၀၀ဝိ	၁၅၀၀ဝိ
ဖြူးမှ အမှတ်(၃)လမ်းဆုံ	၁၅၀ဝိ	၃၀၀ဝိ	၄၅၀ဝိ	၇၅၀ဝိ

နေပြည်တော်ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
နေပြည်တော်မှ မိတ္ထီလာ(သီးကုန်း)	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
နေပြည်တော်မှ စကားအင်း(မန္တလေး)	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
နေပြည်တော်မှ ဖြူး	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
နေပြည်တော်မှ အမှတ်(၃)လမ်းဆုံ	၂၅၀ဝိ	၅၀၀ဝိ	၇၅၀ဝိ	၁၂၅၀ဝိ

မိတ္ထီလာ(သီးကုန်း)ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
မိတ္ထီလာ(သီးကုန်း)မှ စကားအင်း(မန္တလေး)	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
မိတ္ထီလာ(သီးကုန်း)မှ နေပြည်တော်	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
မိတ္ထီလာ(သီးကုန်း)မှ ဖြူး	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
မိတ္ထီလာ(သီးကုန်း)မှ အမှတ်(၃)လမ်းဆုံ	၃၅၀ဝိ	၇၀၀ဝိ	၁၀၅၀ဝိ	၁၇၅၀ဝိ

စကားအင်း(မန္တလေး)ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
စကားအင်း(မန္တလေး)မှ မိတ္ထီလာ(သီးကုန်း)	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
စကားအင်း(မန္တလေး)မှ နေပြည်တော်	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
စကားအင်း(မန္တလေး)မှ ဖြူး	၃၀၀ဝိ	၆၀၀ဝိ	၉၀၀ဝိ	၁၅၀၀ဝိ
စကားအင်း(မန္တလေး)မှ အမှတ်(၃)လမ်းဆုံ	၄၅၀ဝိ	၉၀၀ဝိ	၁၃၅၀ဝိ	၂၂၅၀ဝိ

(သတင်းစဉ်)

ဝန်ကြီး သူရဦးအေးမြင့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေးချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးရှေ့၌ ကျင်းပသော (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲတို့ကို သေနတ်ပစ်ဖောက်ကာ စတင် တာလွှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော် ဘော်လီဘောကွင်း၌ ကျင်းပသော နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယ နေရာလုပွဲနှင့် ဗိုလ်လုပွဲတို့ကို လည်းကောင်း၊ နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ အမျိုးသား/အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲတို့ကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက အမျိုးသား/အမျိုးသမီး မီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အမှတ်စဉ်(၁၀)အထိ ပန်းဝင်ကြသူများအား ငွေသားဆုများကို လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့် ဝန်ကြီးဌာနအသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသော အသင်းများအား ငွေသားဆုနှင့် အကောင်းဆုံး အားကစားသမားဆု တို့ကိုလည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးက အမျိုးသမီးလွန်ဆွဲနှင့် အမျိုးသားလွန်ဆွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသော အသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမျိုးသမီး လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် အမျိုးသား လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို လည်းကောင်း **(အပေါ်ပုံ)** အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ပထမရရှိကာ တံခွန်စိုက်ဒိုင်း အပိုင်ရရှိသွားသော ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကာ ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝန်ကြီး သူရဦးအေးမြင့်သည် ညနေပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်း အားကစားခန်းမ၌ကျင်းပသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (Inter Club) အလေးမပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းလွင်က အမျိုးသား အသက် (၁၇)နှစ်အောက် ၅၆ ကီလိုတန်းနှင့် ၆၂ ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများအား အကောင်းဆုံး အားကစားသမားဆုနှင့် ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က လူငယ် လူရွယ် အလေးမ အားကစားသမားများအား တက်ကြွစွာ စည်းရုံးနိုင်မှုဆုရ မြောင်းမြမြို့နယ် အလေးမလေ့ကျင့်ရေးစခန်း၊ နည်းစနစ်အကောင်းဆုံး အသင်းဆုရ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အလေးမလေ့ကျင့်ရေးစခန်းနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုဆုရ ပုသိမ်မြို့နယ် အလေးမလေ့ကျင့်ရေးစခန်းတို့အား ထူးချွန်ဆုများ ချီးမြှင့်ရာ သက်ဆိုင်ရာ အသင်းအုပ်ချုပ်သူများက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၅ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

Star Resources ၏ ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

Star Resources ကကြီးမှူးသော ပညာရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့ Sedona Hotel ၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်ရာ London Hotel School College ကျောင်းအုပ်ကြီး Mr. Roderick Hardinghamက ဆွေးနွေးဟောပြောမည် ဖြစ်သည်။

Star Resources အနေဖြင့် London Hotel School College ကို ရွေးချယ်၍ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် နိုင်ငံတကာခရီးသွားများ၊ စီးပွားရေးသမားများနှင့် ရင်းနှီးမြှုပ်နှံသူများအား အထူးဆွဲဆောင် မှုရှိသော လန်ဒန်မြို့ပေါ်ရှိ 5 Star Hotels ကြီးများတွင် လုပ်ငန်းအတွေ့အကြုံရရှိနိုင်ခြင်း၊ အင်္ဂလန်နိုင်ငံ၏ National Health Service (N.H.S) မှ အခမဲ့ ဆေးကုသခွင့်နှင့်အတူ နိုင်ငံတကာ ကျောင်းသားတို့၏ ရပိုင်ခွင့်အရပ်ရပ်ကို ခံစားခွင့်ရရှိနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

မိမိတို့တက်ရောက်လိုသည့် အပတ်စဉ် Intake မတိုင်မီ နှစ်လခန့်ကြိုတင် အချိန်ယူရုံဖြင့် ကျောင်းလျှောက်ထားခြင်း၊ Tier 4 Student Visa ရရှိရန် သေချာသော Highly Trusted Sponsor Rating ရရှိထားသဖြင့် Visa လျှောက်ထားခြင်းကိစ္စများ၊ ကျောင်းလခများ၊ ငွေလွှဲခြင်း ကိစ္စများကို ကြန့်ကြာမှုမရှိဘဲ အပြီးအစီး ဆောင်ရွက်နိုင်သည်။

တက်ရောက်လိုပါက ရန်ကုန်မြို့ရှိ Star Resources Hospitality Management Academy ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀ ၃၀၂ တို့သို့ ဆက်သွယ်ကြိုတင် စာရင်းပေးသွင်းနိုင်ပြီး ပညာရေးဆွေးနွေးပွဲသို့ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ ဂုဏ်ပြုအားကစားပြိုင်ပွဲများကျင်းပ

လယ်ဝေး ဇန်နဝါရီ ၄

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ဦးဆောင်ကျင်းပသည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ကျန်အားကစားပြိုင်ပွဲ ငါးမျိုးကို ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

(ဝဓဥ)

အထက(၁) သာယာဝတီ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၄

အထက(၁) သာယာဝတီတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဦးမြစိုး(ခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း) ဖုန်း-၀၅၅-၃၀၇၉၆၊ ဦးစံသိန်း(ကျောင်းအုပ်ကြီး) ဖုန်း-၀၅၅-၃၀၁၄၂၊ ဦးကိုဝင်း(ကျောင်းအုပ်ကြီး) ဖုန်း-၀၅၅-၃၀၇၁၈၊ ၀၉-၄၉၅၀၈၆၁၃၊ ဒေါ်ခင်ဝင်း(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)ဖုန်း-၀၅၅-၃၀၂၉၈၊ ဦးသက်မော်ဦး ဖုန်း-၀၁-၂၉၂၈၂၈၊ ဒေါ်ဝင်းမာညွန့် ဖုန်း-၀၁-၅၂၂၀၇၄၊ ဦးထွန်းအေး ဖုန်း-၀၁-၂၁၂၁၇၄ နှင့် ဦးထွန်းမြတ် (သာယာဝတီအသင်း၊ အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၃၅၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေးဟူသော အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။

(သတင်းစဉ်)